
ပြိုင်ဘက်ကင်း
ကံကြမ္မာ
(ရီထျန်းမင်)
(စာစဉ်-၃၅)
ဘာသာပြန်စာရေးသူ - Colorlessink

# Chapter 341
## ဒီပါးရိုက်ချက်က ငါ့ရဲ့ ကြင်နာမှုပဲ
*

ကြယ်တာရာကောင်းကင်အတွင်း၌ လူတစ်စုက အလွန်မြန်ဆန်သော အရှိန်နှုန်းဖြင့် ရွေ့လျားနေကြကာ သူတို့၏ အရှိန်က မြန်ဆန်လွန်းလှသဖြင့် ကြယ်တာရာနယ်မြေကို တိုက်ရိုက်ဖြတ်သန်းသွားကြလေသည်။

ရှီထျန်းမင်၏ ကျင့်ကြံခြင်းက အနိမ့်ဆုံးဖြစ်နေသဖြင့် ကြယ်တာရာနယ်မြေကို ဤကဲ့သို့ ဖြတ်သန်းသွားလာနိုင်ရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် တုန်းချန်က သူ့ကို ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။

အခြားလူငါးယောက်က သူ့အပေါ် အင်မတန် မကျေမနပ် ဖြစ်နေကြကြောင်းကို ရီထျန်းမင်က ခံစားမိသော်လည်း တုန်းချန်ကြောင့် မည်သူကမျှ ဘာမှမပြောရဲကြချေ။

ရီထျန်းမင်က သူ၏ ဘေးရှိ တုန်းချန်ကို ကြည့်ကာ အနည်းငယ် သိချင်စိတ်ဖြင့် "မိန်းကလေး တုန်းချန်... အရင်တုန်းက နတ်ဘုရားတွေရဲ့ စစ်ပွဲကြီးအကြောင်း ငါ့ကို ပြောပြလို့ ရမလား"

တုန်းချန်က "ရှင်က အဲဒီသမိုင်းကြောင်းကို စိတ်ဝင်စားလို့လား"

ရီထျန်းမင်က ခေါင်းညိတ်လိုက်သည်။ "အင်း"

ခေတ္တမျှ ရပ်တန့်သွားပြီးနောက် တုန်းချန်က "သမိုင်းမှတ်တမ်းတချို့အရ သိုးကျောင်းနတ်ဘုရား ထွက်သွားပြီးတဲ့နောက်မှာ နတ်ဘုရားအသီးသီးက သူတို့ရဲ့ ကိုယ်ပိုင်စံနှုန်းတွေ ရှိလာကြတယ်။ ပြီးတော့ သူတို့အားလုံးက ဒုတိယ

မြောက် သိုးကျောင်းနတ်ဘုရား ဖြစ်ချင်လာကြပြီး တစ်ယောက်ကိုတစ်ယောက် အညွှံ့မခံချင်ကြတော့ဘူးလေ။ သူတို့ရဲ့ ကွဲပြားခြားနားတဲ့ စံနှုန်းတွေနဲ့ ပေါင်းစပ်သွားတဲ့အခါ စစ်ပွဲကြီးတစ်ခု ဖြစ်ပွားလာခဲ့တာပဲ"

ရီထျန်းမင်က "အသေးစိတ် ထပ်သိလို့ ရမလား"

တုန်းချန်က သူ့ကို တစ်ချက်ကြည့်လိုက်သည်။ "ဒီထက်ပိုပြီး အသေးစိတ်မယ်ဆိုရင် နတ်ဘုရားတွေရဲ့ လျှို့ဝှက်ချက်တွေ ပါဝင်လာလိမ့်မယ်။ ဒါတွေတော့ ကျွန်မ တကယ် မသိဘူး၊ ဒါပေမဲ့ ကျွန်မတို့ ပြန်ရောက်တဲ့အခါ ရှင့်အတွက် ကျွန်မ ရှာပေးလို့ ရပါတယ်။ ဒါပေမဲ့ မျှော်လင့်ချက်သိပ်မထားနဲ့နော်၊ ဘာလို့လဲဆိုတော့ မှတ်တမ်းတင်ထားတဲ့ သမိုင်းအများစုက လုံးဝမှန်ကန်တာမျိုး မဟုတ်လို့ပဲ။ ဘာပဲဖြစ်ဖြစ် ဒီလောက

ကြီးရဲ့ သမိုင်းကြောင်းကို အနိုင်ရတဲ့သူတွေက သာ အမြဲတမ်း ရေးသားခဲ့ကြတာလေ"

ရီထျန်းမင်က ခေါင်းညိတ်လိုက်၏။ "ငါ နားလည်ပါပြီ"

တုန်းချန်က အနည်းငယ် သိချင်စိတ်ဖြင့် "ရှင် က နတ်ဘုရားတွေကို ဘာလို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ"

ရီထျန်းမင်က ပြုံးလျက် "အရိုးသားဆုံး သိချင် ရုံလေးပါ"

တုန်းချန်က သူ့ကို တစ်ချက်ကြည့်လိုက် သော်လည်း ဘာမှမပြောချေ။

ထိုစဉ် ရုတ်တရက် ကျိုးပိုင်က လျှောက်လာ၏။

တုန်းချန်က ကျိုးပိုင်ကို စိုက်ကြည့်လိုက် သော်လည်း ဘာမှမပြောချေ။

ကျိုးပိုင်က ရီထျန်းမင်ကို ကြည့်လိုက်သည်။ "မနေ့ညတုန်းက မင်းကို တစ်ယောက်ယောက်

က သတ်ဖို့ ကြိုးစားခဲ့တယ်လို့ ငါကြားတယ်"

ရီထျန်းမင်က ခေါင်းညိတ်လိုက်၏။ "အင်း"

ကျိုးပိုင်က "အဲဒါ ငါ မဟုတ်ဘူးနော်"

ထို့နောက် သူ၏ အရှိန်အဝါက မလုံလောက်သေးကြောင်း ခံစားလိုက်ရသဖြင့် သူက ဆက်ပြောလိုက်၏။ "မင်း ယုံချင်ယုံ၊ မယုံချင်နေ"

ရီထျန်းမင်က ပြုံးလျက် "အဲဒါ မင်းမဟုတ်မှန်း ငါ သိပါတယ်"

ကျိုးပိုင်မှာ အနည်းငယ် အံ့အားသင့်သွားသည်။ "ဘာလို့လဲ"

ရီထျန်းမင်က ခေတ္တမျှ တွေးတောလိုက်ပြီးနောက် "ပထမအချက်အနေနဲ့ မင်းက အဲဒီလောက် မတုံးအဘူးလေ။ မင်းက ငါနဲ့ ပြဿနာဖြစ်တာ တစ်ရက်ပဲ ရှိသေးတယ်။ နောက်တစ်နေ့မှာ ငါသာ တစ်ခုခုဖြစ်သွားမယ်ဆိုရင် လူတိုင်းက မင်းကိုပဲ သေချာပေါက် သံသယဝင်

ကြမှာပဲ။ ဒါကြောင့် မင်းက ဒီလိုမိုက်မဲတဲ့ အလုပ်မျိုးကို သေချာပေါက် လုပ်မှာမဟုတ်ဘူး။ ဒုတိယအချက်အနေနဲ့ မင်း၊ ကျိုးပိုင်က ဘယ်လို ပဲဖြစ်ဖြစ် မျက်နှာပွင့်တဲ့ လူတစ်ယောက်ပဲ။ အကယ်၍ မင်းက ငါ့ကိုသတ်ချင်တယ်ဆို ရင်တောင် သေချာပေါက် ပွင့်ပွင့်လင်းလင်း သတ်မှာပဲ၊ ဒီလို အောက်တန်းကျတဲ့ နည်းလမ်း မျိုးကို ဘယ်တော့မှ အသုံးချမှာ မဟုတ်ဘူး"

ရီထျန်းမင်၏ စကားများကို ကြားလိုက်ရသည့် တွင် ကျိုးပိုင်မှာ အနည်းငယ် အံ့အားသင့် သွား၏။ သူက ရီထျန်းမင်ကို အကဲခတ်လိုက်ပြီး နောက်တွင် "ငါ မင်းကို သဘောမကျဘူးဆိုပေမဲ့ မင်းက ငါ့လိုပဲ ထက်မြက်တဲ့လူတစ်ယောက်ဆို တာတော့ ငါ ဝန်ခံရမယ်"

လူတိုင်း "..."

ကျိုးပိုင်က ဘာမှ ဆက်မပြောတော့ဘဲ လှည့်

ထွက်သွားလေသည်။

ရီထျန်းမင်က ပြုံးလိုက်၏။ ဤလောက၌ အချို့သောလူများက မဆိုးရွားကြသော်လည်း တုံးအကြပေသည်။ သေချာပေါက် များသောအားဖြင့် သူတို့က တုံးအကြခြင်း မဟုတ်ဘဲ သီးသန့်ကြီး ဆိုးရွားနေကြခြင်းပင်။

ခန့်မှန်းခြေအားဖြင့် နှစ်နာရီခန့်ကြာပြီးနောက် လူတိုင်းက တိတ်ဆိတ်ငြိမ်သက်နေသော ကြယ်တာရာကောင်းကင်တစ်ခုအတွင်းသို့ ရောက်ရှိလာကြသည်။ အဝေး၌ ငွေရောင်မြစ်တစ်စင်းက ကြယ်တာရာကောင်းကင်တစ်ခုလုံးကို ဖြတ်သန်းသွားသည်မှာ အင်မတန် တောက်ပလင်းလက်နေ၏။

ပတ်ဝန်းကျင်က အင်မတန် တိတ်ဆိတ်နေကာ အသံတစ်သံမျှ ရှိမနေချေ။

အနည်းငယ် ခြောက်ခြားစရာ ကောင်းနေပေ

သည်။

တုန်းချန်က ငွေရောင်မြစ်၏ အတွင်းပိုင်းကို ကြည့်လိုက်၏။ "အဲဒီနေရာပဲ"

ထိုအခိုက်အတန့်၌ အမျိုးသမီးတစ်ဦးက တုန်းချန့်ထံ လျှောက်လာသည်။ သူမက ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်တွင် "ဂိုဏ်းတူအစ်မ... အစ်မဘေးက ဒီလူမှာ ဘာစွမ်းအားမှ မရှိဘူးနော်... ကျွန်မက အထင်သေးလို့ ပြောတာ မဟုတ်ပါဘူး၊ အစ်မလည်း ခံစားမိမှာပါ၊ ရှေ့မှာ ကြယ်တာရာကောင်းကင် မုန်တိုင်းတစ်ခုလည်း ရှိနေတယ်..."

"လင်းပိုင်"

ထိုစဉ် ရုတ်တရက် မလှမ်းမကမ်းရှိ ကျိုးပိုင်က "သူ့အတွက် မင်း စိတ်ပူစရာ မလိုပါဘူး။ သူက ဘာစွမ်းအားမှ မရှိတဲ့ပုံ ပေါက်နေပေမဲ့ တကယ်တမ်းကျတော့ သူက သူ့ကိုယ်သူ

ဖုံးကွယ်ထားတာပဲ"

လူတိုင်းက ကျိုးပိုင်ကို ကြည့်လိုက်ကြရာ ကျိုးပိုင်က ရီထျန်းမင်ကို အရာအားလုံးဖောက်မြင်နေသည့်အလား ကြည့်လျက် "သူ့ရဲ့ စွမ်းအားက အားနည်းမှာ မဟုတ်ဘူး၊ သူက ကျားကိုစားဖို့ ဝက်ယောင်ဆောင်နေတာ"

ရီထျန်းမင် "..."

ရုတ်တရက် တုန်းချန်က "သွားမယ်"

လူတိုင်းက ငွေရောင်မြစ်အတွင်းသို့ အလျင်အမြန် ဝင်ရောက်သွားကြ၏။ ငွေရောင်မြစ်၏ နက်ရှိုင်းသောနေရာ၌ ကြောက်မက်ဖွယ်ကောင်းသော ကြယ်တာရာကောင်းကင်မုန်တိုင်းများက ရူးသွပ်မတတ် သောင်းကျန်းနေကြကာ စကြာဝဠာအတွင်း၌ ဟိန်းဟောက်နေသော ဒေါသတကြီးဖြစ်နေသည့် နဂါးများအလား ဖျက်ဆီးခြင်းစွမ်းအားများကို ထုတ်လွှတ်နေကြ

သည်။ မုန်တိုင်း၏ ဗဟိုချက်၌ ကြယ်အပိုင်းအစများ ပြန့်ကျဲနေကာ အလင်းရောင်များက တလက်လက် တောက်ပနေပြီး ရင်ဖိုစရာ အန္တရာယ်အငွေ့အသက်များကိုလည်း ထုတ်လွှတ်နေကြ၏။

ရီထျန်းမင်၏ အမူအရာက ပြောင်းလဲသွားသည်။ ဤမျှ ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းမျိုးကို သူမြင်ဖူးခြင်းမှာ ပထမဆုံး အကြိမ်ပင်။

သူ၏ ဘေးရှိ လူအချို့၏ အမူအရာများကလည်း အင်မတန် လေးနက်နေကြ၏။

ရုတ်တရက် တုန်းချန်က ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ကာ အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်၏။

"ပွင့်စမ်း"

ဝုန်း...

နတ်ဘုရားအလင်းတန်းတစ်ခုက ကြောက်မက်

ဖွယ်ကောင်းသော မုန်တိုင်းနယ်မြေထံသို့ ရုတ်တရက် တိုးဝင်သွားသည်။ မျက်စိတစ်မှိတ် အတွင်း၌ပင် ထိုနတ်ဘုရားအလင်းတန်းက မုန်တိုင်းနယ်မြေအတွင်းသို့ အင်အားသုံး၍ ထိုးဖောက်ဝင်ရောက်သွားကာ လူတိုင်း၏ အံ့အားသင့်နေသော အကြည့်များအောက်၌ပင် ထိုနတ်ဘုရားအလင်းတန်းက ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းနယ်မြေအတွင်း၌ အထွတ်အမြတ်တာအိုလမ်းကြောင်းတစ်ခုကို အင်အားသုံး၍ ဖောက်လုပ်လိုက်လေသည်။

ရီထျန်းမင်က တုန်းချန်ကို လှည့်ကြည့်လိုက်၏။ ဤဂိုဏ်းတူအစ်မကြီး၏ စွမ်းအားက သူ ထင်မှတ်ထားသည်ထက် အနည်းငယ် သာလွန်နေကြောင်း သူ ဝန်ခံရမည်ပင်။

ဤသည်က သာမန် စက်ဝန်းရေးဆွဲနယ်ပယ် သန်မာသူတစ်ဦးနှင့် နှိုင်းယှဉ်၍ရနိုင်သော အရာ

မျိုး လုံးဝ မဟုတ်ချေ။

တုန်းချွန်က "သွားမယ်"

ထို့နောက် သူမက ရီထျန်းမင်၏ ပခုံးကို ဆုပ်ကိုင်ကာ တိုက်ရိုက် ပြေးထွက်သွားသည်။

ကျန်ရှိနေသော သူများကလည်း အလျင်အမြန် လိုက်ပါသွားကြ၏။

ရီထျန်းမင်က တုန်းချွန်၏ နောက်မှလိုက်ကာ အဓိကမုန်တိုင်းနယ်မြေအတွင်းသို့ ဝင်ရောက်သွားသည်။ ထိုနယ်မြေအတွင်းသို့ သူဝင်ရောက်သွားသည်နှင့်တစ်ပြိုင်နက် ပတ်ဝန်းကျင်ရှိ ရိုက်ခတ်နေသော ကြောက်မက်ဖွယ်ကောင်းသည့် စွမ်းအင်လှိုင်းများကို သူခံစားလိုက်ရ၏။ ထိုကြယ်တာရာကောင်းကင်မုန်တိုင်း၏ အဓိကနေရာက တွေးထင်ထားသည်ထက်ပင် ပို၍ ကြောက်မက်ဖွယ်ကောင်းလှကာ မုန်တိုင်းတစ်ခုစီတိုင်းက ဖျက်ဆီးခြင်းစွမ်းအားများကို

သယ်ဆောင်ထားကြသည်။

သချောပေါက် တုန်းချန်က ပို၍ ကြောက်မက်ဖွယ်ကောင်းလှ၏။ အဘယ်ကြောင့်ဆိုသော် သူမထုတ်လွှတ်လိုက်သော နတ်ဘုရားအလင်းတန်းက ကြယ်တာရာကောင်းကင်မုန်တိုင်းများအားလုံးကို တကယ်ကြီး ခိုင်မာစွာ ခုခံထားနိုင်သောကြောင့်ပင်။

ကျိူးပိုင်နှင့် အခြားသူများ၏ အမူအရာများကလည်း အင်မတန် လေးနက်နေကြ၏။ ဤတာဝန်ကို ဂိုဏ်းတူအစ်မကြီးက အဘယ်ကြောင့် ဦးဆောင်ရသနည်းဆိုသည်အား သူတို့က နောက်ဆုံးတွင် နားလည်သွားကြလေသည်။

အကယ်၍ ဂိုဏ်းတူအစ်မကြီးကသာ သူတို့ကို ဦးမဆောင်ခဲ့လျှင် သူတို့အနေဖြင့် လုံးဝ ဝင်ရောက်နိုင်လိမ့်မည် မဟုတ်ချေ။

သိပ်မကြာခင်၌ပင် ရုတ်တရက် လူတိုင်း၏ ရှေ့၌ အဖြူရောင်အလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။

လူတိုင်းက အဖြူရောင်အလင်းတန်းကို အလျင်အမြန် ဖြတ်သန်းသွားကြ၏။ အဖြူရောင် အလင်းတန်းကို ဖြတ်သန်းပြီးနောက် သူတို့က အခြားသော ကြယ်တာရာကောင်းကင်တစ်ခု အတွင်းသို့ ဝင်ရောက်သွားကြသည်။

ထိုကြယ်တာရာကောင်းကင်က အင်မတန် ထူးဆန်းလှ၏။

ပတ်ဝန်းကျင်က တိတ်ဆိတ်နေကာ မည်းသည်းနေပြီး အဆုံးအစမဲ့နေခြင်းဖြစ်သည်။

ပတ်ဝန်းကျင်၌ ကြယ်ရောင်များ ရှိနေသော်လည်း ယင်းတို့က အင်မတန် မှေးမှိန်လွန်းလှကာ အချိန်မရွေး ငြိမ်းသက်သွားနိုင်သည့် အလားပင်။

"ဟိုမှာကြည့်"

ရုတ်တရက် တစ်စုံတစ်ယောက်က အဝေးသို့ လက်ညှိုးထိုးပြလိုက်၏။

ရီထျန်းမင်က မော့ကြည့်လိုက်သည်။ အရှေ့ပေသောင်းပေါင်းများစွာ အကွာအဝေးရှိ ကြယ်တာရာကောင်းကင်အတွင်း၌ ခမ်းနားထည်ဝါသော တောင်ကြီးတစ်လုံးက လွင့်မျောနေ၏။ ထိုတောင်ကြီးက ကြယ်တာရာကောင်းကင်နှင့်အတူ ယှဉ်တွဲတည်ရှိနေသည့် အလား ခမ်းနားထည်ဝါစွာ မားမားမတ်မတ် ရှိနေကာ ရှေးကျပြီး လျှို့ဝှက်ဆန်းကြယ်သော အငွေ့အသက်များကိုလည်း ထုတ်လွှတ်နေသည်။

တောင်၏ ကိုယ်ထည်ပေါ်၌ တောက်ပသော အလင်းရောင်များ စီးဆင်းနေကာ ယင်း၏ အတွင်း၌ ကြယ်စွမ်းအားများလည်း လည်ပတ်နေပြီး တောက်ပလင်းလက်လှသော

ကြယ်တာရာကောင်းကင်များက ယင်းကို ဝန်းရံထားသည့်အလားပင်။

သူတို့၏ရှေ့ရှိ တောင်ကြီးကို မြင်လိုက်ရသည့်တွင် ကျိုးပိုင်နှင့် အခြားသူများ၏ မျက်လုံးများက ချက်ချင်းဆိုသလို တက်ကြွလာကြ၏။ ကျိုးပိုင်က စိတ်လှုပ်ရှားစွာဖြင့် "နတ်ဘုရားအငွေ့အသက် ရှိတယ်"

နတ်ဘုရားအငွေ့အသက်လော။

ရှီထျန်းမင်က တောင်ကြီးကို ကြည့်လိုက်သော်လည်း ဘာမှ မခံစားရချေ။

ရုတ်တရက် ကျိုးပိုင်က ရှီထျန်းမင်ကို ကြည့်လိုက်၏။ "မင်းလည်း ခံစားမိတယ်မလား"

ရှီထျန်းမင်က ခေါင်းညိတ်လိုက်၏။ "အင်း"

ကျိုးပိုင်က "မင်းက ကျားကိုစားဖို့ ဝက်ယောင်ဆောင်နေတာဆိုတာ ငါသိသားပဲ"

ရှီထျန်းမင် "......"

ရှေ့မှ ဦးဆောင်သွားသော တုန်းချန်သည်လည်း ခမ်းနားထည်ဝါသော တောင်ကြီးကို မြင်လိုက်ရချိန်၌ သူမ၏ မျက်နှာထက်တွင် အပြုံးတစ်ခုဖြစ်တည်လာသော်လည်း မျက်စိတစ်မှိတ်အတွင်း၌ပင် ထိုအပြုံးက ပြန်လည်ပျောက်ကွယ်သွား၏။ "သွားမယ်"

ထို့နောက် သူမက ရီထျန်းမင်နှင့်အတူ လက်ခနဲ ဖြစ်သွားကာ အဝေးသို့ တိုက်ရိုက်ထွက်ခွာပျောက်ကွယ်သွားလေသည်။

ကျန်ရှိနေသော သူများကလည်း အလျင်အမြန်လိုက်ပါသွားကြ၏။

သိပ်မကြာခင်၌ပင် လူတိုင်းက ခမ်းနားထည်ဝါသော တောင်ကြီး၏ ရှေ့သို့ ရောက်ရှိလာကြသည်။ တောင်ကြီးကို ဤမျှအနီးကပ် မြင်တွေ့လိုက်ရသည်တွင် ရီထျန်းမင်နှင့် အခြားသူများမှာ ယင်း၏ ကြီးမြတ်ခမ်းနားမှုကြောင့် ပို၍ပင်

အံ့အားသင့်သွားကြကာ သူတို့၏ ရင်တွင်း၌ သေးငယ်သွားသလို ခံစားချက်များ အလိုလို ဖြစ်ပေါ်လာလေသည်။

သူတို့၏ ဘေးမှ လင်းပိုင်အမည်ရှိ အမျိုးသမီးက စိတ်လှုပ်ရှားစွာဖြင့် "ဟိုမှာကြည့်"

လူတိုင်းက သူမ၏ လက်ညှိုးညွှန်ပြရာကို လိုက်ကြည့်လိုက်ရာ တောင်ခါးပန်း၌ ခမ်းနားထည်ဝါသော နန်းတော်တစ်ခု တည်ရှိနေကို မြင်တွေ့လိုက်ရ၏။ ထိုနန်းတော်က တောက်ပလင်းလက်နေကာ မြင့်မြတ်ပြီး ခမ်းနားထည်ဝါသော အငွေ့အသက်များကို ထုတ်လွှတ်နေသည်။

လင်းပိုင်အမည်ရှိ အမျိုးသမီးက အင်မတန်စိတ်လှုပ်ရှားစွာဖြင့် ချက်ချင်း ပြေးတက်ရန် ပြင်လိုက်သော်လည်း သူမ၏ ဘေးရှိ တုန်းချန်က ဆွဲထားလိုက်၏။

လင်းပိုင်မှာ အင်မတန် စိတ်လှုပ်ရှားနေခြင်း

ကြောင့် သူမ၏ လေသံက အနည်းငယ် မကျေမနပ်ဖြစ်နေ၏။ "ဘာလုပ်တာလဲ"

တုန်းချန်က လက်ကို မြှောက်ကာ ပါးတစ်ချက်ရိုက်ချလိုက်သည်။

ဖြန်း...

ဤပါးရိုက်ချက်က လင်းပိုင်၏ မျက်နှာပေါ်သို့ ကျရောက်သွားကာ သူမကို ပေထောင်ပေါင်းများစွာ အဝေးသို့ လွင့်ထွက်သွားစေပြီး ဟင်းလင်းပြင်အချိန် အပိုင်းအစတစ်ခုကို တိုက်ရိုက် ကွဲအက်သွားစေ၏။

လူတိုင်းမှာ အကြီးအကျယ် အံ့အားသင့်သွားကြသည်။

ရှီထျန်းမင်သည်လည်း အနည်းငယ် အံ့အားသင့်သွား၏။ ဤဂိုဏ်းတူအစ်မကြီးက ရုတ်တရက် လှုပ်ရှားလိုက်လိမ့်မည်ဟု သူထင်မထားခဲ့ချေ။

ယခုအခါမှသာ လင်းပိုင်က အသိစိတ် ပြန်ဝင်လာကာ တုန်းချန်၏ အေးစက်သော အကြည့်ကို ကြည့်လျက် အလျင်အမြန် ပြောလိုက်၏။ "ဂိုဏ်းတူအစ်မ... တောင်းပန်ပါတယ်။ ကျွန်မ... ကျွန်မ... ခုနက အရမ်း စိတ်လှုပ်ရှားသွားလို့ပါ"

တုန်းချန်က သူမကို စိုက်ကြည့်လိုက်သည်။ "ဒီပါးရိုက်ချက်က ငါ့ရဲ့ ကြင်နာမှုပဲ၊ အဲဒါကို မှတ်ထား"

လင်းပိုင်က ခေါင်းငုံ့ထားကာ ဘာမှ မပြောရဲတော့ချေ။

တုန်းချန်က သူမကို လျစ်လျူရှုလိုက်ကာ နန်းတော်ကို ဖြည်းဖြည်းချင်း မော့ကြည့်လိုက်၏။ သူမက လက်ဖဝါးကို ဖြန့်လိုက်ရာ နတ်ဘုရားအလင်းတန်းတစ်ခု ထွက်ပေါ်လာသည်။ သို့သော် ထိုနတ်ဘုရားအလင်းတန်းက တောင်ကြီး၏ အနီးသို့ ရောက်ရှိသွားသည်နှင့်

တစ်ပြိုင်နက် ကြယ်ရောင်တစ်ခုကြောင့် ချက်ချင်းဆိုသလို အမှုန့်ကြိတ်ခံလိုက်ရ၏။

ဤမြင်ကွင်းကို မြင်လိုက်ရသည့်တွင် လင်းပိုင်၏ မျက်နှာက ချက်ချင်းဆိုသလို ဖြူဖျော့သွား၏။

တုန်းချန်က "အစီအရင်တစ်ခု ရှိနေတယ်"

အမျိုးသားတစ်ဦးက လေးနက်သောအသံဖြင့် "ဒါက အဲဒီအစစ်အမှန်နတ်ဘုရား ချန်ထားရစ်ခဲ့တဲ့ အစီအရင် ဖြစ်နိုင်တယ်။ အဲဒါကို ငါတို့ ဘယ်လိုချိုးဖျက်ကြမလဲ"

ခေတ္တမျှ ရပ်တန့်သွားပြီးနောက် တုန်းချန်က "ငါ စမ်းကြည့်လိုက်မယ်"

ထို့နောက် သူမက မလှမ်းမကမ်းရှိ ကျိုးပိုင်ကို ကြည့်လိုက်၏။ ကျိုးပိုင်က သူမ၏ ဆိုလိုရင်းကို နားလည်သွားကာ ရီထျန်းမင်ကို ချက်ချင်း လှမ်းကြည့်လိုက်ပြီးနောက် "စိတ်မပူပါနဲ့၊ ငါက သူ့ကို

သဘောမကျဘူးဆိုပေမဲ့ သူ့ကို တိုက်ခိုက်မှာတော့ မဟုတ်ပါဘူး"

တုန်းချန်က "နင့်ဆီမှာ ဦးနှောက်နည်းနည်းတော့ ရှိသားပဲ၊ ဒါပေမဲ့ သိပ်တော့ မများဘူး"

လူတိုင်း "......."

တုန်းချန်က မလှမ်းမကမ်းရှိ လင်းပိုင်ကို နောက်တစ်ကြိမ် လှမ်းကြည့်လိုက်၏။ လင်းပိုင်က သူမကို အကြည့်ချင်း မဆုံရဲဘဲ ခေါင်းကို ချက်ချင်း ငုံ့ထားလိုက်သည်။

တုန်းချန်က နတ်ဘုရားအလင်းတန်းတစ်ခုအဖြစ် အသွင်ပြောင်းကာ ကောင်းကင်ယံသို့ မြင့်တက်သွား၏။ သူမက တောင်ခါးပန်းသို့ ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် များပြားလှသောကြယ်ရောင်များက ပိုက်ကွန်တစ်ခုအလား သူမထံသို့ ရုတ်ခြည်း ဆောင့်တက်လာကြသည်။

တုန်းချန်မှာ မျက်လုံးများ အနည်းငယ်

ကျဉ်းမြောင်းလျက် အင်္ကျီလက်ကို ဆွဲယမ်းလိုက်၏။ မျက်စိတစ်မှိတ်အတွင်း၌ပင် သူမ၏ အင်္ကျီလက်ထဲမှနေ၍ များပြားလှသော နတ်ဘုရားအလင်းတန်းများ ပြေးထွက်လာကြသည်။

ဝုန်း…

မျက်စိတစ်မှိတ်အတွင်း၌ပင် လူတိုင်း၏ ခေါင်းပေါ်ရှိ ကြယ်တာရာကောင်းကင်က တိုက်ရိုက်ဆိုသလို ပွက်ပွက်ဆူလာတော့၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသည့်တွင် လူအချို့မှာ အနည်းငယ် အံ့အားသင့်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ဤဂိုဏ်းတူအစ်မကြီးက ဤနေရာရှိ အစီအရင်ကို အင်အားသုံး၍ ချိုးဖျက်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သူတို့ သိရှိလိုက်ရသောကြောင့်ပင်။

တုန်းချန် လက်တုံ့ပြန်လိုက်သည့် အခိုက်အတန့်၌ သူမ၏ ခေါင်းပေါ်တွင် ရောမ

ကြယ်အစီအရင်ကြီးတစ်ခု ရုတ်တရက် ထွက်ပေါ်လာ၏။ ထိုအစီအရင်က သူမကို တိုက်ရိုက်လွှမ်းခြုံသွားကာ နောက်တစ်ခဏ၌ သန်းပေါင်းများစွာသော ကြယ်ရောင်များက ပြင်းထန်သော မုန်တိုင်းတစ်ခုအလား သူမထံသို့ သိပ်သည်းစွာ ဆင်းသက်လာကြပြီး သူမကို ချက်ချင်း ဝါးမျိုပစ်လိုက်လေသည်။

တုန်းချန်၏ ခန္ဓာကိုယ်မှ ထုတ်လွှတ်နေသော နတ်ဘုရားအလင်းတန်းက မြင်နေရသော အရှိန်နှုန်းဖြင့် ချက်ချင်းဆိုသလို မှေးမှိန်သွား၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသည်တွင် လူအချို့က စိုးရိမ်လာကြသည်။

လင်းပိုင်၏ မျက်လုံးများကလည်း မည်းသည်းနေလျက် တစ်စုံတစ်ခုကို တွေးတောနေ၏။

ရီထျန်းမင်က ကြောက်မက်ဖွယ်ကောင်းသော

သန်းပေါင်းများစွာသော ကြယ်ရောင်များကို ကြည့်နေချိန်၌ သူ၏ မျက်ခုံးများက တင်းကျပ်စွာ တွန့်ကွေးသွားသည်။ အဘယ်ကြောင့်ဆိုသော် ပုံမှန်မဟုတ်သော အငွေ့အသက်အနည်းငယ်ကို သူ ခံစားလိုက်ရသောကြောင့်ပင်။

တုန်းချန်၏ ခေါင်းပေါ်ရှိ ကြယ်အစီအရင်ကလည်း ပို၍ တောက်ပလာကာ ကြယ်ရောင်များကလည်း ပို၍ များပြားလာ၏။ ဤအချိန်၌ တုန်းချန်မှာ များပြားလှသော ကြယ်ရောင်များအတွင်း၌ လုံး၀ နစ်မြုပ်နေပြီ ဖြစ်သည်။

သို့သော် ထိုကြယ်ရောင်များမှတစ်ဆင့် ခပ်သဲ့သဲ့ နတ်ဘုရားအလင်းတန်းတစ်ခုကို ဝိုးတ၀ါး မြင်တွေ့နေရဆဲပင်။ တုန်းချန် အသက်ရှင်နေသေးကြောင်း ရှင်းလင်းနေသော်လည်း ထိုနတ်ဘုရားအလင်းတန်းလေးက ပို၍ အားနည်းလာ

နေ၏။

ထိုမြင်ကွင်းကို မြင်လိုက်ရသည့်တွင် ရီထျန်းမင်၏ အမူအရာကလည်း မည်းသည်းသွားသည်။

လင်းပိုင်ကလည်း ထိုကြယ်တာရာနယ်မြေအတွင်းရှိ တုန်းချန်ကို ကြည့်နေကာ ဘာတွေးနေမှန်း မသိချေ။

ရုတ်တရက် သူမက တစ်စုံတစ်ခုကို တွေးလိုက်မိဟန်ဖြင့် သူ၏ ဘေးရှိ ရီထျန်းမင်ထံသို့ လှည့်ကြည့်လိုက်သည်။ ထိုအချိန်၌ သူမ၏ မျက်လုံးများက တလက်လက် တောက်ပနေ၏။

ရီထျန်းမင်က သူမကို တစ်ချက်ကြည့်လိုက်သည်။ "မိန်းကလေး... မင်းကို အေးဆေးနေဖို့ ငါ အကြံပေးပါရစေ။ အခုအခြေအနေအရဆိုရင် မင်းရဲ့ ဦးနှောက်လေးနဲ့ ဗီလိန်လုပ်ဖို့ သင့်တော်မနေဘူး"

ကျိုးပိုင်က ရီထျန်းမင်ကို ကြည့်ကာ ပြုံးလိုက်၏။ "ဒါဆို ငါ့ကိုရော ဘယ်လိုထင်လဲ"

ရီထျန်းမင်က သူ့ကို တစ်ချက်ကြည့်လိုက်သည်။ "မင်းကတော့ လူရွှင်တော်လုပ်ဖို့ သင့်တော်တယ်"

ကျိုးပိုင် "......."

***